# “ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ”

## နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်

နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်ပါသည်။ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတ အရင်းအမြစ်များကိုရေရှည်ထိန်းသိမ်းလျက်ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြားမျှတမှန်ကန်စွာခွဲဝေအသုံးချနိုင်မည့်စီးပွားရေးမူဘောင်ချမှတ်ဆောင်ရွက်ရန်မျှော်မှန်းပါသည်။

## နိုင်ငံတော်၏ ရည်မှန်းချက်များ

၁။ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုကြီး ဖြစ်တည်လာစေရေးကို အထောက်အပံ့ဖြစ်စေသည့်မူဝါဒအဖြစ်ကျင့်သုံးရန်၊

၂။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေသည့် စီးပွားရေးအခြေအနေကောင်းများရရှိရေးဆောင်ရွက်ရန်၊

၃။ နိုင်ငံတော်အတွက် အဖက်ဖက်မှစွမ်းရည်ပြည့်ဝသော လူငယ်မျိုးဆက်သစ်များပေါ်ပေါက်လာစေရေးအတွက်အခွင့်အလမ်းများဖန်တီးပေးနိုင်သောစီးပွားရေးမူဝါဒအဖြစ်ကျင့်သုံးရန်၊

၄။ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်နိုင်ပြီး၊ တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှု ရလဒ်ကောင်းများကို အစဉ်အဆက် ရယူထိန်းသိမ်းနိုင်မည့်စီးပွားရေးစနစ်တစ်ခုအဖြစ်ထူထောင်ရန်။

## နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ

(၁) ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု စနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

(၂) နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင် ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲ လုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်း များကို ပံ့ပိုးကူညီပေးရန်၊

(၃) ခေတ်မီဖွံ့ဖြိုးသောစီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ် များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

(၄) လျှပ်စစ်ဓါတ်အား၊လမ်းများ၊ဆိပ်ကမ်းများစသည့်အခြေခံစီးပွားရေး အဆောက် အအုံများလျင်မြန်စွာတိုးတက်လာစေရေးကိုဦးစားပေးဆောင်ရွက်ရန်နှင့် Data ID Card System ၊ Digital Government Strategy နှင့် e-Government System တို့ကိုထူထောင်သွားရန်၊

(၅) ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများ အားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသော စီးပွားရေး လုပ်ငန်းများကိုကာလတိုအတွင်းပိုမိုဦးစားပေးဆောင်ရွက်ရန်၊

(၆) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေး တို့အတွက် လယ်ယာကဏ္ဍ၊မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံ ဖော်ထုတ်ရန်၊

(၇) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများသီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေ စိုးမိုးမှု ရှိစေရေးအတွက်တိုးမြှင့်ဆောင်ရွက်ရန်၊

(၈) အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေး လုပ်ငန်းများကိုရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေး စနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှုရရှိလာစေရေး ဆောင်ရွက်ရန်၊

(၉) သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန် အတွက်လိုက်လျောညီထွေဖြစ်စေမည့် မြို့ပြများတည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအဆင့်မြှင့်တင်ရန်တို့အပြင်အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများတိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက် ထိန်းသိမ်းရေးတို့အတွက်ဆောင်ရွက်ရန်၊

(၁၀) နိုင်ငံတော်၏ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသော အခွန်စနစ်ထူထောင်၍ပြည်သူများ၏အခွင့်အရေးနှင့်ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

(၁၁) တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အားထုတ်ကြိုးပမ်းဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသောနည်းစနစ်များ၊လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းဆောင်ရွက်ရန်၊

(၁၂) စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်အာဆီယံဒေသတွင်း သာမက အခြားဒေသများအတွင်း၌လည်းတိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသောအခြေအနေများကို ဖော်ထုတ်၍မိမိတို့၏စီးပွားရေး လုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။